16 DAYS

၁၆ ရက်တာ လှုပ်ရှားမှု

16 Days of Activism

နိုဝင်ဘာလ ၂၅ ရက်နေ့ကနေ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ စုစုပေါင်း ၁၆ ရက်ရှိပါတယ်။ ဒီ ၁၆ ရက်တာကာလမှာ အမျိုးသမီးများအပေါ် အကြမ်းမဖက်ရေးကို ပညာပေးလှုံ့ဆော်ကြတယ်။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းဟာ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ပါတယ်။

ဒီ (၁၆) ရက်ထဲက အပြည်ပြည်ဆိုင်ရာနေ့တွေကတော့

November 25 - Elimination of Violence Against Women Day
(အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့)

November 29 - International Women Human Rights Defenders Day
(အပြည်ပြည်ဆိုင်ရာ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနေ့)

December 1 - World AIDS Day
(ကမ္ဘာ့ AIDS နေ့)

December 3 - International Day of Persons with Disabilities
(အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့)

December 6 - Montreal Massacre Day
(မွန်ထရီမြို့ လူသတ်ပွဲ နှစ်ပတ်လည်နေ့)

December 10 - Human Rights Day
(ကမ္ဘာ့လူ့အခွင့်အရေးနေ့)

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း

Dominican Republic ရဲ့သမ္မတဖြစ်တဲ့ Rafael Leonidas Trujillo Molina ဟာသူကိုဆန့်ကျင်တဲ့ ညီအစ်မတွေကို ၂၅-၁၁-၁၉၆၀ မှာ လုပ်ကြံသတ်ဖြတ်ခဲ့ပါတယ်။ ဒီညီအစ်မတွေ သတ်ဖြတ်ခံခဲ့ရတဲ့ ရက်ကိုယူပြီး သတ်မှတ်ခဲ့တာပါ။ ၁၉၉၉ ခုနှစ်မှာ ကျင်းပတဲ့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ၅၄ ကြိမ်မြောက်အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၄/၁၃၄ အရ နိုဝင်ဘာလ ၂၅ ရက်နေ့ကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။

ဖဲကြိုးဖြူနေ့လို့လည်း ခေါ်ပါတယ်

အမျိုးသမီးတွေအပေါ် အကြမ်းမဖက်တော့ပါဘူး။ အကြမ်းဖက်မှုတွေကိုလည်း ဖြစ်နိုင်သမျှ ကာကွယ်တားဆီးပေးပါမယ်ဆိုတဲ့ ခံဝန်ကတိတွေနဲ့ ဖဲကြိုးဖြူကို တပ်ဆင်ကြပါတယ်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနေ့ သမိုင်းကြောင်း

ကမ္ဘာတစ်ဝန်းမှာ လူ့အခွင့်အရေးအတွက် လှုပ်ရှားတိုက်ပွဲဝင်နေကြတဲ့ အမျိုးသမီးတွေ၊ အမျိုးသမီးအခွင့်အရေးနဲ့ ဂျဲန်ဒါတန်းတူညီမျှရေးအတွက် တက်ကြွလှုပ်ရှားနေကြတဲ့ လူပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုတွေကြောင့် ပြစ်မှတ်ထား အကြမ်းဖက်ခံနေကြရပါတယ်။

ဂျဲန်ဒါဆိုင်ရာ တရားသေ အယူအဆ၊ ပါဝါ၊ အမျိုးသားကြီးစိုးတဲ့ ယဉ်ကျေးမှုနဲ့ ဘာသာရေးဆိုင်ရာ စံသတ်မှတ်ချက် အစရှိတာတွေကြောင့် အမျိုးသမီး လူ့အခွင့်အရေး လှုပ်ရှားသူတွေဟာ အိမ်တွင်းမှာရော အိမ်ပြင်ပမှာပါ ခြိမ်းခြောက်ခံရတာ၊ တိုက်ခိုက်ခံရတာ၊ အကျဉ်းချခံရတာ၊ ထိပါးနှောင့်ယှက်ခံရတာတွေအပြင် သတ်ဖြတ်ခံရတာတွေပါ ရှိနေပါတယ်။

အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေဟာ လူ့အခွင့်အရေးကို အကောင်အထည်ဖော်ရာမှာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတာကို အသိအမှတ်ပြုပြီး သူတို့ရဲ့ ဘေးကင်းလုံခြုံရေးအတွက် အလေးထားဆောင်ရွက်ပေးဖို့ လှုံ့ဆော်တိုက်တွန်းတောင်းဆိုလာခဲ့ကြပါတယ်။

အဲ့တာကြောင့် အမျိုးသမီး လူ့အခွင့်အရေး လှုပ်ရှားသူတွေနဲ့ သူတို့ရဲ့ အလုပ်တွေကို ဂုဏ်ပြုတဲ့အနေဖြင့် နိုဝင်ဘာလ ၂၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနေ့လို့ သတ်မှတ်ပြီး ၂၀၀၆ ခုနှစ်ကနေ စတင်ကျင်းပခဲ့ကြပါတယ်။

December 1

WORLD AIDS DAY

ကမ္ဘာ့ AIDS နေ့

ကမ္ဘာ့ AIDS နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း

ကမ္ဘာ့ကျန်းမာရေးအစီရင်ခံစာအရ ၁၉၈၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်းတွင် ကမ္ဘာတစ်ဝှမ်းတွင် AIDS ရောဂါနှင့် အသက်ဆုံးရှုံးရသူ ၂၅ သန်းကျော် ရှိခဲ့ပါတယ်။ တဖြည်းဖြည်းနှင့် ကြီးထွားလာတဲ့ ကမ္ဘာကြီးကို ခြိမ်းခြောက်လျက်ရှိတဲ့ အန္တရာယ်ကို သတိထားကြဖို့အတွက် ကမ္ဘာ့ AIDS အစီအစဉ်၏ ညွှန်ကြားရေးမှူးဖြစ်သူ Jonathan Mann က AIDS နေ့ကို ပြုလုပ်ရန် စိတ်ကူးရှိခဲ့တယ်။ ၁၉၉၈ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ အထွေထွေညီလာခံတွင် World AIDS Day ကို ပြုလုပ်လိုသည့် သဘောထားကို လက်ခံခဲ့တယ်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ကမ္ဘာ့လုံးဆိုင်ရာ AIDS အစီအစဉ်မှ ဆက်သွယ်ရေးအရာရှိတွေဖြစ်တဲ့ James W. Bunn နဲ့ Thomas Netter တို့က ဒီဇင်ဘာလ ၁ ရက်နေ့ကို ပထမဆုံး ကမ္ဘာ့ AIDS နေ့အဖြစ် သတ်မှတ်ဖို့ ဆုံးဖြတ်ကြပါတယ်။ ပထမဆုံးကမ္ဘာ့ AIDS နေ့ကို ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ မှာကျင်းပခဲ့ပါတယ်။

AIDS အထိမ်းအမှတ်အဖြစ် ဖဲကြိုးနီကို သတ်မှတ်ကြတယ်။ အနီရောင်က ရဲရင့်ပြီး မြင်သာတယ် ပြီးတော့ ချစ်ခြင်းမေတ္တာနဲ့ အသဲနလုံးကို ပုံဆောင်တယ်။ ဖဲကြိုးနီစကို အနေတော်ဖြတ်ပြီး လက်ညှိုးမှာပတ်လိုက်ရင် ဖဲကြိုးနီသင်္ကေတကို အလွယ်တကူရိုးရှင်းစွာ ပုံဖော်နိုင်တဲ့အတွက် ဖဲကြိုးနီကို ကမ္ဘာ့ AIDS နေ့ အမှတ်အသားအနေနဲ့ သတ်မှတ်ပြီး အသုံးပြုကြတာပါ။

December 3

INTERNATIONAL DAY OF PERSONS WITH DISABILITIES

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အတည်ပြုချက်အရဆိုရင် ကမ္ဘာ့လူဦးရေ၏ ၁၀% ဖြစ်တဲ့ လူသန်းပေါင်း ၆၀၀ လောက်က မသန်စွမ်းသူများဖြစ်နေတာကို တွေ့ရပါတယ်။ ဒီလူတွေရဲ့ ၈၀ % ကလည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာရှိနေတာကို တွေ့ရပါတယ်။ ဒီလောက်များနေတဲ့သူတွေကို လစ်လျူရှုလို့မရဘူးဆိုတာကို သိစေချင်လို့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ညီလာခံကြီးက ၁၉၈၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အဖြစ် သတ်မှတ်ကြောင်းကို ၁၉၇၆ ခုနှစ်မှာ ကြေညာခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်ကနေ ၁၉၉၂ ခုနှစ်တွင်းကာလကို မသန်စွမ်းသူများရဲ့ ဆယ်စုနှစ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ မသန်စွမ်းသူများရဲ့ အရေးကိစ္စတွေကို ပိုနားလည်လာစေဖို့၊ မသန်စွမ်းသူများမှာလည်း အခြေခံလူ့အခွင့်အရေးတွေရှိတယ်ဆိုတာတွေကို သိလာစေဖို့နဲ့ သူတို့ကိုလည်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနဲ့ ယဉ်ကျေးမှုတွေမှာ ပါဝင်လာစေဖို့အတွက်ကို ရည်ရွယ်ပြီး ဒီဇင်ဘာလ ၃ ရက်နေ့ကို ကမ္ဘာ့မသန်စွမ်းသူများနေ့ အဖြစ် သတ်မှတ်ခဲ့တာပါ။

ဒီလိုနေ့သတ်မှတ်ပေးခြင်းဟာ လူမှုရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ မသန်စွမ်းတဲ့သူတွေ ပါဝင်လာနိုင်ပြီး သူတို့ပါဝင်နိုင်မှုအတွက် ကန့်သတ်တားမြစ်ထားတဲ့အရာတွေကို ဖယ်ရှားနိုင်ဖို့ လက်တွေ့ကျတဲ့ အကောင်ထည်ဖော်ဆောင်ရွက်မှုတစ်ခုပဲဖြစ်ပါတယ်။

မွန်ထရီမြို့လူသတ်ပွဲ နှစ်ပတ်လည်နေ့ သမိုင်းကြောင်း

မွန်ထရီမြို့က အမျိုးသမီးအခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့ အင်ဂျင်နီယာ ကျောင်းသူ ၁၄ ဦးကို မာလီပိုင်း (Marc Lepine) ဆိုသူက သေနတ်နဲ့ ပစ်သတ်ခဲ့ပါတယ်။ ဒီလိုအစုလိုက်အပြုံလိုက်သတ်တာဟာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်တဲ့အတွက် သေဆုံးသွားတဲ့ အမျိုးသမီးတွေအတွက် အချည်းအနီးမဖြစ်စေရဘူးလို့ အမျိုးသမီးအရေးအတွက် လှုပ်ရှားသူတစ်ဦးဖြစ်တဲ့ Judy Rebick ကတိပေးပါတယ်။

"ငါတို့တွေရဲ့ ပူဆွေးဝမ်းနည်းမှုတွေဟာ နောင်တစ်ချိန်မှာ အမျိုးသားများက အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ရပ်တန့်စေတဲ့အဖြစ်ကို ပြောင်းလဲစေရမယ်"

လို့လည်း သံမိဉ်ာန်ချခဲ့ပါတယ်။

၁၉၉၁ ခုနှစ်ကစပြီး အမျိုးသမီးများကို အစုလိုက်သတ်ပွဲဖြစ်ခဲ့တဲ့နေ့ကို မွန်ထရီနိုင်ငံတော်အောက်မေ့ဖွယ်နေ့နဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို အရေးယူဆောင်ရွက်သည့်နေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။

December 10

HUMAN RIGHTS DAY

ကမ္ဘာ့လူ့အခွင့်အရေးနေ့

ကမ္ဘာ့လူ့အခွင့်အရေးနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း

လူ့အခွင့်အရေးဆိုတဲ့ အတွေးအခေါ်က ဒုတိယကမ္ဘာစစ်ပြီးမှ ပိုပြီးခိုင်မာစွာ ပေါ်ပေါက်လာတာပါ။ နာဇီဂျာမဏီရဲ့ ဂျူးလူမျိုး ၆ သန်းကျော်တွေကို သတ်ဖြတ်မှု၊ လိင်တူချစ်သူများ၊ မသန်စွမ်းသူတွေကို သတ်ဖြတ်မှုတွေက ကမ္ဘာကြီးကို တုန်လှုပ်ခြောက်ခြားမှုတွေ ဖြစ်စေခဲ့ပါတယ်။

နောင်အခါမှာ ဒီလိုအကြမ်းဖက်မှုမျိုးတွေ ထပ်မပေါ်ပေါက်စေရန်အတွက်ဆိုပြီး ကမ္ဘာ့ကုလသမဂ္ဂက ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီနေ့ကိုပဲ ကမ္ဘာ့လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ကြပါတယ်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၅၆ နိုင်ငံက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို လက်ခံခဲ့ကြပါတယ်။

အခုအချိန်မှာတော့ လူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံစည်းမျဉ်းများကို ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၈၅ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စည်းမျဉ်းတွေမှာ ထည့်သွင်းလာပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ လူ့အခွင့်ရေးကြေညာစာတမ်းကို လေးစားလိုက်နာရပါတယ်။

“အမျိုးသမီးများ အပေါ်
အကြမ်းဖက်မှု ပပျောက်ရေး၊
ဥပဒေဖြင့် ကာကွယ်ပေး”

“Prevent Violence Against Women By The Law”

GENDER EQUALITY NETWORK မှ ပြန်လည်ထုတ်ဝေပါသည်။

Livelihoods and Food Security Fund

managed by UNOPS